**“Market Price Monitoring Mobile Data Collection**

**သင်တန်းဖွင့်လှစ်ခြင်းနှင့် Mobile Tablet များလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား” ကျင်းပ**

**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**

စားသုံးသူဈေးဆနှုန်းတွက်ချက်ရန်အတွက် ဈေးနှုန်းများကောက်ယူရာတွင် Mobile Tablet ဖြင့် ကောက်ယူစုဆောင်းသည့် စနစ်တစ်ခုထူထောင်ရန်၊ နည်းပညာများကို အသုံးပြု၍ ဈေးနှုန်းစာရင်းအင်းများ ကောက်ယူရာတွင် အချိန်ကုန်သက်သာရန်၊ အချိန်နှင့်တစ်ပြေးညီ အချက်အလက်များရရှိရန်နှင့် တစ်နေရာတည်းတွင် အချက်အလက်များ တစ်စုတစ်စည်းတည်းသိမ်းဆည်းနိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ နည်းပညာအကူအညီဖြင့် Market Price Monitoring Mobile Data Collection (Supervisor Level) သင်တန်းနှင့် Mobile Tablet များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ Deputy Country Director ၊ Mr. Marcus Prior တို့မှ အမှာစကား ပြောကြားပြီး Mobile Tablet အလုံး (၁၀၀) အား ဗဟိုစာရင်းအင်းအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြီးကြပ်ရေးမှူး (၁၅) ဦးနှင့် ဈေးနှုန်းဌာနစိတ်မှ အရာထမ်း (၁၀) ဦး စုစုပေါင်း (၂၅) ဦး တက်ရောက်ခဲ့ပါသည်။


World Food Programme
Market Price Mobile Data Collection Training
ဈေးနှုန်းအချက်အလက်များ ကောက်ယူခြင်း သင်တန်း


Market Price Mobile Data Collection Training


Market Price Mobile Data Collection Training
ဈေးနှုန်းအချက်အလက်များ ကောက်ယူခြင်း သင်တန်း